ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://moe.nugmyanmar.org

Free Online Education Institution Myanmar (FOEIM) ဖြစ်စဉ်နှင့် ပတ်သက်၍
ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်မှုများအား ထုတ်ပြန်ကြေညာခြင်း
၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်

၁။ ပညာရေးဝန်ကြီးဌာနသည် FOEIM ကျောင်း၏ ငွေကြေးနှင့် ပတ်သက်သော သတင်းများ ဆိုရှယ်မီဒီယာတွင် မထွက်ပေါ်မီ ကြားသိသတင်းပေးပို့လာမှုအပေါ် အခြေခံ၍ ၉.၁၁.၂၀၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ စတင်ဆွေးနွေးခဲ့ပါသည်။

၂။ ဆိုရှယ်မီဒီယာများတွင် သတင်းပျံ့နှံ့ပြီးနောက် ၁၂.၁၁.၂၀၂၂ ရက်နေ့တွင် ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးခေါ်ယူပြီး ဆရာ၊ဆရာမ၊ကျောင်းသား၊ကျောင်းသူများ၏ လုံခြုံရေးကိစ္စ၊ ပညာသင်ကြားသင်ယူမှုမပျက်စေရေးကိစ္စနှင့်တော်လှန်ရေးကိုမျက်နှာမူ၍ ဆောင်ရွက်ရေး၊ အတွက် ဦးတည်ဆွေးနွေးခဲ့ပြီး FOEIM ကိစ္စကို အလျင်အမြန် ကိုင်တွယ်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၃။ ၁၃.၁၁.၂၀၂၂ရက် နေ့လယ်(၁း၀၀)နာရီတွင် တိုင်ကြားသူ (၄)ပါ ရုံးအဖွဲ့ဝင် (၇)ဦးနှင့်လည်းကောင်း၊ ထိုနေ့ညနေ (၄း၀၀) နာရီတွင် တိုင်ကြားခံရသူ ကိုခန့်သူအပါအဝင် (၃) ဦးနှင့် လည်းကောင်း ပညာရေးဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီဝင်များမှ တွေ့ဆုံပြီး ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေမှု ကိစ္စများကို မေးမြန်းစုံစမ်းခဲ့ပါသည်။ ၎င်းတို့နှင့် တွေ့ဆုံချိန်အထိ ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေသော ကိစ္စရပ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ တရားဝင်တိုင်ကြားစာ လက်ခံရရှိခြင်း မရှိပါ။ ရုံးအဖွဲ့နှင့် တွေ့ဆုံမှုတွင် ပညာရေးဝန်ကြီးဌာနကို တိုင်ကြားစာ မပို့ခဲ့ကြောင်းဟု သိရှိရပါသည်။ ယုံကြည်စွာနှင့် ပို့ပေးပါရန် ပြောကြားခဲ့၍သာ ထိုနေ့ညဘက်မှ တိုင်ကြားသူများမှ email ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

၄။ ၁၃.၁၁.၂၀၂၂ ရက်နေ့တွင် FOEIM တွေ့ဆုံခဲ့မှုနှင့် ပတ်သက်၍ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးခေါ်ယူပြီး အမျိုးသားညီညွတ်ရေးအစိုးရသို့ တင်ပြကာ ကြားနာစုံစမ်းရေးအဖွဲ့ အမြန်ဖွဲ့စည်းပြီးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၅။ ၁၉.၁၁.၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ ဖွဲ့စည်းရန် ခွင့်ပြုပေးခဲ့ပြီး ၂၀.၁၁.၂၀၂၂ ရက်နေ့တွင် ဖြစ်စဉ်နှင့်ပတ်သက်၍ဆက်စပ်ဝန်ကြီးဌာနများ၏ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ၂၁.၁၁.၂၀၂၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ ကြားနာစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး FOEIM နှင့်ပတ်သက်သော ကြားနာစုံစမ်းမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ကြားနာစုံစမ်းရေးအဖွဲ့သည် ၂၂.၁၁.၂၀၂၂ ရက်နေ့မှ ၈.၁.၂၀၂၃ ရက်နေ့အထိ ကြားနာစုံစမ်းမှုများကို ပြုလုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနသို့

(က) ၁၅.၁၂.၂၀၂၂ ရက်နေ့တွင် ပထမအကြိမ်အစီရင်ခံစာကို တင်ပြခြင်း၊

(ခ) ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် ကြားနာစုံစမ်းရေးအဖွဲ့မှ (ကြားနာစုံစမ်းမှု ဖြစ်စဉ်နှင့် ပတ်သက်၍ ကြုံတွေ့ရသော အခြေအနေကို) အရေးပေါ်ကြားဖြတ်အစီရင်ခံစာ တင်ပြပြီး ဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပေးကြေညာချက် တစ်စောင်ထုတ်ပြန်ပေးပါရန် တင်ပြခြင်း၊

(ဂ) ၈.၁.၂၀၂၃ ရက်နေ့တွင် ငွေစာရင်းနှိုင်းယှဉ်ချက်များပါဝင်သော ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို တင်ပြခြင်း၊

တို့ကို ပေးပို့လာပါသည်။

၇။ ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် FOEIM ဖြစ်စဉ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ Facebook Page မှ အသိပေးကြေညာခဲ့ပါသည်။

၈။ ၈.၁.၂၀၂၃ ရက်နေ့၌ ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီးချုပ်ထံ လိပ်မူ၍ သမ္မတရုံးအပါအဝင် ဝန်ကြီးဌာနများအားလုံးသို့ မိတ္တူပေးပို့တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးချုပ်မှ ပညာရေးဝ်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ပြီး အမျိုးသားညီညွတ်ရေးအစိုးရသို့ ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့ပါသည်။

၉။ ၁၇.၁.၂၀၂၃ ရက်နေ့ နေ့လယ်(၁:၀၀) နာရီတွင် FOEIM တိုင်ကြားများ ပါဝင်သော ရုံးအဖွဲ့၊ တိုင်ကြားခံရသူ ကိုခန့်သူတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် မူဝါဒရေးရာဌာနမှူး တို့မှ ကြားနာစုံစမ်းရေးအဖွဲ့ကို သက်သေထား၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာ (အကျဉ်းချုပ်)ကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။FOEIM တက်ရောက်ထားသူများမှ အစီရင်ခံစာနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ပါသည်။

၁၀။ ပညာရေးဝန်ကြီးဌာနမှ ရှေ့လုပ်ငန်းစဉ်(၂)ရပ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး FOEIM ကျောင်းမှ နှစ်ဖက်စလုံးအား ကန့်ကွက်ရန် ရှိ/မရှိမေးမြန်းပြီး သဘောတူပါက လက်ထောင် ဆန္ဒပြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ကန့်ကွက်သူမရှိ အတည်ပြုခဲ့သော ရှေ့လုပ်ငန်းစဉ်နှစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ကျောင်းဆက်လက်လည်ပတ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ FOEIM မှ ကိုခန့်သူနှင့် ရုံးအဖွဲ့ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားရန်၊

(ခ) ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်သူလူထုထံသို့ အချက်အလက် ပြည့်စုံပြီး ပွင့်လင်းမြင်သာစွာ ထုတ်ပြန်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှု ကော်မတီအတွင်း ဆက်လက်ဆွေးနွေးပြီး ဆောင်ရွက်သွားရန်၊

၁၁။ ၁၇.၁.၂၀၂၃ ရက်နေ့ ညနေ (၄:၀၀) တွင် FOEIM သင်ကြားရေး ဆရာဆရာမများနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် မူဝါဒရေးရာဌာနမှူး တို့မှ ကြားနာစုံစမ်းရေးအဖွဲ့ ကို သက်သေထား၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာ (အကျဉ်းချုပ်) ကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။တက်ရောက်လာသော FOEIM သင်ကြားရေး ဆရာ၊ ဆရာမများက

အစီရင်ခံစာပါ မရှင်းလင်းသည့် အချက်များ မေးမြန်းခြင်း နှင့် ၎င်းတို့၏ ဆန္ဒများကို ပညာရေးဝန်ကြီးဌာနသို့ ပြောကြားခဲ့ပါသည်။

၁၂။ FOEIM ဖြစ်စဉ်နှင့် ပတ်သက်၍ FOEIM တည်ထောင်သူ ကိုခန့်သူ ၊ ရုံးအဖွဲ့များနှင့် သင်ကြားရေး ဆရာ၊ ဆရာမများ တွေ့ဆုံဆွေးနွေးပွဲရလာဒ်များကို ရှင်းလင်းအဖြေရှာရန်အတွက် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အရေးပေါ်အစည်းအဝေးကို ၁၇.၁.၂၀၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ကြားနာစုံစမ်းရေး အဖွဲ့၏ အစီရင်ခံစာကို ပြည်သူသို့တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၃။ FOEIM ကိစ္စနှင့်ပတ်သက်၍ ၁.၂.၂၀၂၃ ရက်နေ့ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပြီး လက်ရှိ FOEIM ဆောင်ရွက်နေမှုများ၊ ဆရာ၊ဆရာမများ၏ သတင်းပေးချက်များနှင့် ပတ်သက်၍ တည်ထောင်သူနှင့် ရုံးအဖွဲ့ကို ချက်ချင်းခေါ်ယူမေးမြန်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၄။ ၁.၂.၂၀၂၃ ရက်နေ့ ည (၈:၀၀) နာရီတွင် လက်ရှိအခြေအနေကို မေးမြန်းရန် တည်ထောင်သူနှင့် ရုံးအဖွဲ့ကို ဖိတ်ခေါ်ခဲ့သော်လည်း တည်ထောင်သူ ကိုခန့်သူသာ တက်ရောက်လာခဲ့ပါပြီး ၎င်းလုပ်ဆောင်နေမှု ကိုပြောကြားခဲ့ပါသည်။ ကိုခန့်သူမှ သင်ကြားရေးဆရာ၊ဆရာမများအတွက် ဇန်နဝါရီလ Data Support ပေးရန်နှင့် လက်ရှိစာသင်နှစ်များ ကုန်ဆုံးသည်အထိ Data Support ပေးရန် အာမခံခဲ့ ပါသည်။

၁၅။ ၂.၂.၂၀၂၃ ရက်နေ့ နေ့လယ် (၂:၀၀) နာရီတွင် FOEIM ရုံးအဖွဲ့ကို ထပ်မံခေါ်ယူပြီး ၎င်းတို့လုပ်ဆောင် နေမှုများကို မေးမြန်းခဲ့ပါသည်။

၁၆။ ၈.၂.၂၀၂၃ ရက်နေ့ ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် FOEIM ကိစ္စနှင့်ပတ်သက်၍ ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ်အစီရင်ခံစာကို ပြည်သူသို့တင်ပြရန်နှင့် အစီရင်ခံနှင့်အတူ FOEIM နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုအပြည့်အစုံကိုပါ ပြည်သူသို့တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၇။ ၁၇.၁.၂၀၂၃ ရက်နေ့ FOEIM တည်ထောင်သူ၊ ရုံးအဖွဲ့နှင့် ဆရာ၊ဆရာမများနှင့် တွေ့ဆုံမှုများအပြီး နောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော FOEIM ဖြစ်စဉ်များနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(က) ကြားနာစုံစမ်းရေးအဖွဲ့၏ အကြံပြုချက်အတိုင်း FOEIM ၏ ပညာသင်ကြားမှုကို ရပ်တန့်မှုမဖြစ်ပေါ်စေရေးအတွက် ငွေကြေးကိစ္စနှင့် ပတ်သက်၍ ကိုခန့်သူတွင် တာဝန်ရှိကြောင်း တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ကိုခန့်သူက ဆရာ/မများ၊ ရုံးဝန်ထမ်းများကို လစဉ်ပေးရမည့် Data Support များကို ဆက်လက်ပေးဆောင်ခြင်း မပြုကြောင်း တွေ့ရှိရပါသည်။ အလားတူပင် လုံခြုံရေး ကျိုးပေါက်မှု မရှိစေရေးအတွက် ရုံးအဖွဲ့တွင် တာဝန်ရှိကြောင်း တွေ့ဆုံဆွေးနွေးခဲ့သော်လည်း Social Media ပေါ်တွင် ကျောင်းသား၊ကျောင်းသူ အချို့၏ အချက်အလက်များ ပေါက်ကြားခဲ့သည်ကို တွေ့ရှိရပါသည်။

(ခ) ပြဿနာဖြစ်ပွားစေခဲ့သည့် ကျောင်းတည်ထောင်သူ ကိုခန့်သူနှင့် ရုံးအဖွဲ့တို့သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းပြီး၊ မိမိတို့ဖြစ်စေလိုသည့် ဆန္ဒအတိုင်း ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။

(ဂ) ယခုအခါ FOEIM ကျောင်းသည် နှစ်ကျောင်းကွဲသွားပြီး ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

(ဃ) ကျောင်းလခများကောက်ခံပြီး ဆရာ၊ဆရာမများ Data Support အတွက် ငွေကြေးတာဝန် ယူမှုမရှိသော ကိုခန့်သူနှင့် ကျောင်းပညာသင်ကြားရေးကို ပျက်စီးအောင် ပြုလုပ်ခဲ့သူများအားလုံးကို ပညာရေးဝန်ကြီးဌာနက အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (Transitional Justice) အတိုင်း သက်ဆိုင်ရာဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://moe.nugmyanmar.org

Free Online Education Institution Myanmar (FOEIM) ဖြစ်စဉ်အတွက် ဖွဲ့စည်းပေးထားသော ကြားနာစုံစမ်းရေးအဖွဲ့၏ အပြီးသတ် အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်

ဖွဲ့စည်းခြင်း

၁။ FOEIM ရုံးအဖွဲ့ဝင်(၄)ဦးတို့က FOEIM Founder ဖြစ်သူ ကိုခန့်သူ၏ ငွေကြေးသုံးစွဲမှုစာရင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပေးရန် FOEIM ရုံးအဖွဲ့မှ ပန်ကြားခြင်း ခေါင်းစဉ်ဖြင့် (၁၀-၁၁-၂၀၂၂) ရက်စွဲပါ တိုင်ကြားစာကို အမျိုးသားညီညွတ်ရေးအစိုးရဝန်ကြီးဌာနများသို့ ပေးပို့တိုင်ကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာနသို့ (၁၃-၁၁-၂၀၂၂) ရက်နေ့တွင် ပေးပို့တင်ပြလာပါသည်။ ပညာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးချုပ်ရုံး၏ (၁၉-၁၁-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ဝကခ/ ၃ / ထွေ /(၃၉ / ၂၀၂၂) ခွင့်ပြုချက်အရ Free Online Education Institution Myanmar (FOEIM)၏ ဖြစ်ပေါ်နေသောကိစ္စရပ်များအား ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ သင်ကြားရေး မထိခိုက်စေရန်နှင့် လုံခြုံရေးဆိုင်ရာပြဿနာများ မဖြစ်ပေါ်စေရန် တော်လှန်ရေး အကျိုးကို ရှေးရှု၍ ဆောလျင်စွာဖြေရှင်း ဆောင်ရွက်နိုင်ရန် အတွက် ကြားနာစုံစမ်းရေးအဖွဲ့ကို (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

ကြားနာစုံစမ်းရေးဆောင်ရွက်မှုများ

၂။ ကြားနာစုံစမ်းရေးအဖွဲ့သည် (၂၂-၁၁-၂၀၂၂ မှ ၈-၁-၂၀၂၃နေ့ထိ) Free Online Education Institution Myanmar (FOEIM)၏ ဖြစ်ပေါ်နေသော ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးမှုများ၊ ကြားနာစုံစမ်းမှုများကို အစည်းအဝေး (၁၇)ကြိမ်ဆောင်ရွက်ခဲ့ပါသည်။

ကြားနာစုံစမ်းမှုတွေ့ရှိချက်များ

၃။ FOEIM ကျောင်းတည်ထောင်သူ ကိုခန့်သူသည် အသက်(၂၃)နှစ်အရွယ် အမေရိကန်တွင် စီးပွားရေး ပညာ မဟာဘွဲ့ ပညာသင်ကြားနေသူ လူငယ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ FOEIM ကျောင်းကို ၂၀၂၁ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့ပါသည်။ ကျောင်းတည်ထောင်ကာစတွင် အခမဲ့ဖြစ်သော်လည်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ဆရာ၊ဆရာမများအတွက် Data Support ပေးရန် ကျောင်းသား၊ကျောင်းသူများထံမှ အခကြေးငွေကို အောက်ပါအတိုင်း သတ်မှတ် ကောက်ခံခဲ့ပါသည်။

	July,2022	September,2022	
		1st Time	2nd Time
မူလတန်း	1,000 THB	1,200 THB	1,500 THB
အလယ်တန်း	1,500 THB	1,600 THB	2,000 THB
အထက်တန်းနှင့်GED	2,500 THB	3,000 THB	
Extra English	1,200 THB		

၅။ FOEIM ကျောင်းသည် အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြု လျှောက်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၆။ တိုင်ကြားသူများသည် အလွတ်တန်းသတင်းထောက် Mratt Kyaw Thu ထံသို့ ကျောင်း၏ ငွေစာရင်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ(၃)ရက်နေ့တွင် ပေးပို့ခဲ့ပြီး Mratt Kyaw Thu မှ "FOEIM တည်ထောင်သူနှင့် ငွေစာရင်းရှင်းတမ်း"ကို နိုဝင်ဘာ(၁၁)ရက်နေ့တွင် ၎င်း၏ Post မှတစ်ဆင့် Social Media ပေါ်သို့ တင်ခဲ့ပါသည်။ NUG ဝန်ကြီးဌာနများသို့ တိုင်စာကိုလည်း ၎င်းPostမတင်မီ တစ်ရက်အလိုမှ အချိန်ကိုက်ညှိပြီး ပေးပို့သည်ကို တွေ့ရှိရပါသည်။ ပညာရေးဝန်ကြီးဌာနသို့ တိုင်ကြားစာကို နိုဝင်ဘာလ(၁၃)ရက်နေ့မှ ပေးပို့ကြောင်း တွေ့ရှိရပါသည်။

၇။ ကျောင်း၏ ဝင်ငွေ ၊ ထွက်ငွေအားလုံးကို ကိုခန့်သူတစ်ဦးတည်းသာ ကိုင်တွယ်စီမံခန့်ခွဲခဲ့သည်ကို တွေ့ရှိရပါသည်။

၈။ ပြဿနာမပေါ်ပေါက်မီအချိန်ထိ ကျောင်းတွင်းဘဏ္ဍာရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ငွေစာရင်း လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။

၉။ နှစ်ဖက်တင်ပြလာသော ဝင်ငွေစာရင်းတွင် ကိုခန့်သူက တင်ပြသောငွေပမာဏမှာ နည်းနေပြီး တိုင်ကြားသူက များနေခြင်း၊ ထွက်ငွေစာရင်းတွင် ကိုခန့်သူက တင်ပြသောငွေပမာဏမှာ များနေပြီး တိုင်ကြားသူက နည်းနေခြင်းတို့ကို တွေ့ရှိရပါသည်။

၁၀။ လက်ခံနိုင်ဖွယ် မရှိသော အကြောင်းအရာများကို ကိုခန့်သူ၏ ငွေစာရင်းတွင် ပါဝင်လာကြောင်း တွေ့ရှိရပါသည်။

၁၁။ ဝင်ငွေ၊ထွက်ငွေ နှစ်ခုလုံးတွင် မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေတို့ ပါဝင်ပါသည်။ ကိုခန့်သူက (၁)ဘတ်ကို ပျမ်းမျှ (၅၈) ကျပ်ဖြင့် တွက်ပြီး တိုင်ကြားသူက (၁)ဘတ်ကို ပျမ်းမျှ (၇၂)ကျပ်ဖြင့် တွက်သည်ကို တွေ့ရှိရပါ သည်။

၁၂။ တိုင်ကြားစာအရ "ကိုခန့်သူ၏ ငွေကြေးသုံးစွဲမှု စာရင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပေးပါရန်" ဟု တိုင်ကြားသူများက တိုင်ကြားခဲ့သော်လည်း၊ နောက်ပိုင်း ဆွေးနွေးချက်များအရ "ငွေစာရင်း ရှင်းလင်းပြီး လက်ကျန်ငွေအားလုံးကို Management Team သို့ လွှဲရန်" ဟု ရည်ရွယ်ချက် ပြောင်းသွားသည်ကို တွေ့ရှိရပါသည်။

၁၃။ ငွေစာရင်းကွာဟမှုနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက ညှိနှိုင်းဖြေရှင်းရေးကို မဆောင်ရွက်ဘဲ မိမိတို့၏ ဖြစ်စေချင်သည့်ဆန္ဒများကိုသာ ရှေ့တန်းတင် ဆွေးနွေးကြောင်း တွေ့ရှိရပါသည်။

၁၄။ ကိုခန့်သူသည် FOEIM ကျောင်းကို မိမိတစ်ဦးတည်းပိုင်ကျောင်းအဖြစ် သတ်မှတ်ပြီး ဝင်ငွေများကို ကျောင်းစီမံခန့်ခွဲရေးအဖွဲ့နှင့် တိုင်ပင်ခြင်းမရှိဘဲ ၎င်းစိတ်ကြိုက်စီမံခန့်ခွဲသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၅။ ကြားနာစုံစမ်းရေးအဖွဲ့အနေဖြင့် ရည်ရွယ်ချက်များအတိုင်း ကြိုးစားညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း အောက်ပါ အချက်သုံးရပ်ကြောင့် တိုင်ကြားသူနှင့်တိုင်ကြားခံရသူတို့ကို ကြားဝင်စေ့စပ်ညှိနှိုင်း၍ မရရှိခဲ့ခြင်းဖြစ်ပါသည်-

(က) နှစ်ဦးနှစ်ဖက် တင်ပြခဲ့ကြသည့် ငွေစာရင်းသည် အောက်ပါအတိုင်း ကွာဟချက် ကြီးမားခြင်း-

ကိုခန့်သူနှင့်ရုံးအဖွဲ့ ဝင်ငွေစာရင်းနှိုင်းယှဉ်ချက်

ဝင်ငွေနှိုင်းယှဉ်ချက်					
စဉ်	အကြောင်းအရာ	ကိုခန့်သူ (ဝင်ငွေ) တတိယအကြိမ် တင်ပြချက်	ရုံးအဖွဲ့ (ဝင်ငွေ)	ကွာခြားငွေ	
1	Data Support ကောက်ခံရရှိငွေ	43,912,505 THB	44,832,073 THB	-919,568THB	ခန့်သူမှ နည်း
2	Extra English	1,432,800 THB	1,432,800 THB	0	
3	Zoom ကောက်ခံရရှိငွေ	15,070,000 kyats	17,280,000 kyats	-2,210,000Kyats	ခန့်သူမှ နည်း
4	Zoom ရောင်းရငွေ	8,000,000 kyats	15,330,000kyats	-7,330,000Kyats	ခန့်သူမှ နည်း

ကိုခန့်သူနှင့်ရုံးအဖွဲ့ ထွက်ငွေစာရင်းနှိုင်းယှဉ်ချက်

ထွက်ငွေနှိုင်းယှဉ်ချက်					
စဉ်	အကြောင်းအရာ	ကိုခန့်သူ (ထွက်ငွေ) တတိယအကြိမ် တင်ပြချက်	ရုံးအဖွဲ့ (ထွက်ငွေ)	ကွာခြားငွေ	
1	ရုံးအဖွဲ့(၃)ဦး ကုန်ကျငွေ	1,870,000 THB	550,500 THB	1,319,500 THB	ခန့်သူပိုများ
2	Data support	420,756,000 kyats	438,245,000 kyats	-17,489,000 Kyats	ခန့်သူမှ နည်း
3	School Networking	1,666,000 THB	827,248 THB	838,752 THB	ခန့်သူပိုများ
4	Donation	3,200,000 THB	500,000 THB	2,700,000 THB	ခန့်သူပိုများ
5	IT-system	221,384 THB	221,384 THB	0	
6	ကိုခန့်သူသုံးငွေ	12,208,000 THB		12,208,000 THB	ရုံးအဖွဲ့မှပြမထား
7	ပျောက်ဆုံးငွေ	2,500,000 THB		2,500,000 THB	ရုံးအဖွဲ့မှပြမထား
8	Thai Bank Freeze	6,100,000 THB		6,100,000 THB	ရုံးအဖွဲ့မှပြမထား

(ခ) နှစ်ဖက်တင်ပြသည့် ငွေစာရင်းများအတွက်အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း (တိုင်ကြား သူများက ဝင်ငွေအတွက် ကျောင်းသားမိဘ တစ်ဦးချင်းစီ၏ ငွေပေးသွင်းမှု

အထောက်အထား စလစ်ပေါင်း သောင်းနှင့်ချီ၍ တင်ပြထားသော်လည်း ထွက်ငွေ အသုံးစရိတ်များအတွက် အထောက်အထား တင်ပြနိုင်ခြင်းမရှိပါ။ တိုင်ကြားခံရသူ အနေဖြင့်လည်း ၎င်းတင်ပြသည့် ငွေစာရင်းများ အားလုံးအတွက် အထောက်အထားများ လုံးဝ တင်ပြနိုင်ခြင်းမရှိပါ)

(ဂ) တိုင်ကြားခံရသူအနေဖြင့် ငွေစာရင်းသုံးကြိမ် တင်ပြရာတွင် အောက်ပါအတိုင်း တစ်ကြိမ်နှင့် တစ်ကြိမ် တူညီမှုမရှိခြင်း

ကိုခန့်သူ ငွေစာရင်း (၃)ကြိမ် နှိုင်းယှဉ်ချက်

စဉ်	အကြောင်းအရာ	ပထမအကြိမ်	ဒုတိယအကြိမ်	တတိယအကြိမ်
		စုစုပေါင်း	စုစုပေါင်း	စုစုပေါင်း
1	Data Support ကောက်ခံရရှိငွေ	43,912,505 THB	43,912,505 THB	43,912,505 THB
2	Extra English	-	1,432,800 THB	1,432,800 THB
3	Zoom ကောက်ခံရရှိငွေ	-	15,070,000 kyats	15,070,000 kyats
4	Zoom ရောင်းရငွေ	-	-	8,000,000 kyats
5	ရုံးအဖွဲ့(၃)ဦး ကုန်ကျငွေ	1,870,000 THB	1,870,000 THB	1,870,000 THB
6	ကိုခန့်သူသုံးငွေ	1,168,000 THB	1,168,000 THB	12,208,000 THB
7	School Networking	1,666,000 THB	1,666,000 THB	1,666,000 THB
8	Donation	8,900,000 THB	8,900,000 THB	3,200,000 THB
9	IT-system	221,384 THB	221,384 THB	221,384 THB
10	Data support	404,305,000 kyats	420,756,000 kyats	420,756,000 kyats
11	ပျောက်ဆုံးငွေ	10,000,000 THB	10,000,000 THB	2,500,000 THB
12	Thai Bank Freeze	6,100,000 THB	6,100,000 THB	6,100,000 THB

ကြားနာစုံစမ်းရေးအဖွဲ့၏ အကြံပြုတင်ပြချက်

၁၇။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်းကောင်း FOEIM ကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်။

(က) နွေဦးတော်လှန်ရေးကာလအတွင်း မိဘပြည်သူများ၏ ငွေကြေးများကို စိတ်ကြိုက် စီမံခန့်ခွဲသုံးစွဲသူ ကိုခန့်သူ အပါအဝင်အလွဲသုံးစားပြုသူများကို ရှာဖွေဖော်ထုတ်ရန်

(ခ) FOEIMတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ၊ မိဘဆရာများ၏ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် ကျောင်းသားမိဘဆရာများ၏ အချက်အလက်များနှင့် ဆက်သွယ်မှုလမ်းကြောင်းကို ထိန်းသိမ်းထားသည့် တိုင်ကြားသူများ ဦးဆောင်သည့်ရုံးအဖွဲ့တွင် တာဝန်ရှိပြီး တာဝန်ယူ၊ တာဝန်ခံရမည် ဖြစ်ကြောင်းကို သေချာစွာအသိပေးထားပြီး လုံလောက်သော ကတိကဝတ်များ ရယူထားရန်၊

(ဂ) FOEIM ၏ ပညာသင်ကြားသင်ယူမှုကို ရပ်တန့်မှုမဖြစ်စေရေးအတွက် ငွေကြေးများကို ကိုင်တွယ်ထိန်းသိမ်းစီမံခန့်ခွဲနေသော ကိုခန့်သူတွင် တာဝန်ရှိပြီး တာဝန်ယူ၊ တာဝန်ခံရမည် ဖြစ်ကြောင်းကို သေချာစွာအသိပေးထားပြီး လုံလောက်သော ကတိကဝတ်များ ရယူထားရန်၊

(ဃ) လုံခြုံရေးအခြေအနေနှင့် နှစ်ဖက်ပြဿနာများကြောင့် သင်ကြားသင်ယူမှုကို ထိခိုက်လာသည့် အခြေအနေဖြစ်ပေါ်လာပါက ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာများနှင့် ညှိနှိုင်းပြီး ဆက်လက် ဆောင်ရွက်ပေးရန်၊

(င) လက်ရှိတွေ့ဆုံပွဲမှတ်တမ်းများအားလုံးကို စနစ်တကျသိမ်းဆည်းထားပြီး တော်လှန်ရေးကို အားနည်းထိခိုက် အထင်အမြင်လွဲမှားစေသော ဖြစ်ရပ်များအပေါ် အဓိကတာဝန်ရှိသူ ကိုခန့်သူ အပါအဝင် သက်ဆိုင်သူများ အားလုံးကို အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (Transitional Justice) လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်၊

(စ) FOEIM ငွေကြေးနှင့်ပတ်သက်သောကိစ္စကို ပြေလည်အောင်ညှိနှိုင်းဖြေရှင်းမပေးနိုင် ဟူသော အဖြေမျိုးဖြင့် ထိုးနှက်ခံရနိုင်သည့်အပြင် မလိုလားအပ်သော ဖြစ်စဉ်များမပေါ်ပေါက်စေရေး အတွက် ကြားနာစုံစမ်းရေးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် အပြုသဘော ဆောင်ရွက်ချက်များ အား Press Release သို့မဟုတ် Press Statement တစ်ခုကို အချက်အလက် တိကျစွာ ရေးသားပြီး မီဒီယာများမှတဆင့် အများပြည်သူသို့ ပွင့်လင်းမြင်စွာ ထုတ်ပြန် ပေးသင့်သည်ဟု အကြံပြုပါသည်။

၁၈။ FOEIM ရုံးအဖွဲ့မှ တိုင်ကြားသူများ၏ သတင်းပေးချက်အရ (၅-၁-၂၀၂၃) ရက်နေ့တွင် Mratt Kyaw Thu ၏ ဆိုရှယ်မီဒီယာနှင့် အခြားမီဒီယာများတွင် ကြားနာစုံစမ်းရေး အဖွဲ့ဝင်အချို့၏ အမည်များ ဖော်ပြထားသည် ကို တွေ့ရှိရပြီး အဆိုပါ အမည်ဖော်ပြခြင်းခံရသူများ၊ ၎င်းတို့မိသားစုဝင်များ၏ လုံခြုံရေး နှင့် FOEIMတွင် ပညာသင်ကြားသင်ယူမှုပြုနေသည့် ဆရာ၊ဆရာမဦးရေ(၆၀၀)ခန့်နှင့် ကျောင်းသား၊ ကျောင်းသူဦးရေ (၃၀,၀၀၀)ကျော်၊ ၎င်းတို့မိဘများ၏ လုံခြုံရေးသည်လည်း စိုးရိမ်ဖွယ်ရာဖြစ်ပါ၍ တိုင်ကြားသည့်အဖွဲ့နှင့် တိုင်ကြားခံရသူ နှစ်ဦးနှစ်ဖက်စလုံးကို ခေါ်ယူသတိပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

ကြားနာစုံစမ်းရေးအဖွဲ့